Funded by:

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၁၂

## သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း

Implemented by:

# သင်ရိုးပိုင်း ၁၂။ သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ၁၂** ပိုင်းမြောက်ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားတို့၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း |
| **၁၂** | **သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း** |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အပြုအမူဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

### သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ

အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရာက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၁၂ သင်ယူမှုရလဒ်များ

| ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။ |
| --- |
| ၁. သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်းနှင့် သရုပ်ဖော်ခြင်း<br>၂. သင်ယူမှုအခက်အခဲအမျိုးမျိုးကို စူးစမ်းခြင်း၊ ဥပမာ ဆက်သွယ်ရေး၊ လူမှုရေး၊ စိတ်ခံစားချက်၊ အာရုံ၊ ရုပ်ပိုင်း၊ သိမြင်မှုဆိုင်ရာ စသဖြင့်<br>၃. စာသင်ခန်းတွင်းသင်ယူမှုအခက်အခဲများ၏ သက်ရောက်မှုကိုနားလည်ကြောင်း ပြသခြင်း<br>၄. သင်ယူသူများကို ကိုယ်စားပြု၊ ဖော်ပြ၊ စိတ်ပါဝင်စားစေရန် စီစဉ်ရန်အတွက် အားလုံးသင်ယူမှုအတွက်ပုံစံ (Universal Design for Learning Approach)ချဉ်းကပ်မှုကို စူးစမ်းခြင်း<br>၅. ကျောင်းသူကျောင်းသားတစ်ဦးဦးအတွက်စိုးရိမ်မကင်းဖြစ်လျှင် လုပ်ဆောင်ဖွယ်အဆင့်ဆင့်ကို ဆင်ခြင်သုံးသပ်ခြင်း |

ဤ**သင်ရိုးပိုင်း ၁၂** တွင် အားလုံးအကျုံးဝင်မှုသည် **မိမိတို့**အတွက် မည်သည်ကိုဆိုလိုကြောင်း သင်တန်းသားများအား ဆက်လက်တွေးတောစေခြင်း၊ **အဘယ်ကြောင့်** အားလုံးအကျုံးဝင်မှုကို လိုအပ်ကြောင်း အားလုံးအကျုံးဝင်သည့်**ကျောင်း**နှင့် **ဆရာ/မ**၏ စရိုက်လက္ခဏာများအကြောင်း စဉ်းစားစေပါမည်။

သင်ရိုးပိုင်းရှိလုပ်ဆောင်ချက်များကိုပြီးစီးရန် ၇ နာရီခန့်ကြာမြင့်ပါမည်။ သင်ယူမှုအခက်အခဲကို ဖွင့်ဆိုချက်များနှင့်သာဓကများကို ကြည့်ကြပါမည်။ စာသင်ခန်းအတွင်းသင်ယူမှုအတွက် အတားအဆီးဖြစ်စေမည့် သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုခြားနားချက်များကို ဦးတည်ဖော်ထုတ်သွားမည်ဖြစ်သည်။ ဥပမာ ဆက်သွယ်ရေး၊ စိတ်ခံစားချက်၊ လူမှုရေး၊ ရုပ်ပိုင်းနှင့် သိမြင်မှုပိုင်းဆိုင်ရာတို့ဖြစ်သည်။ ဆက်လေ့လာမည့် သင်ရိုးပိုင်း ၁၃ က ဆရာ/မတို့ဖော်ထုတ်ထားသည့် လိုအပ်ချက်များကို မည်ကဲ့သို့ တုံ့ပြန်ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း စူးစမ်းပါမည်။ သင်ရိုးပိုင်းနှစ်ခုကို တွဲပြီးသုံးသင့်ပါသည်။

## သင်ရိုးပိုင်း ၁၂ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမဆုံးလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၁၁ ကိုပြန်နွှေးပြီး စစ်ဆေးခြင်းဖြစ်ပါသည်။ ယခင်သင်ရိုးပိုင်းအကြောင်းအရာများကိုသင်ယူသူများအားအမှတ်ရစေကာ ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင် အရေးကြီးသည့်အချက်အလက်များကိုပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ်လုပ်ပြီးလျှင် အဖြေတိုက်ရန် သင်ရိုးပိုင်း ၁၁ ကို ပြန်ကြည့်ပါစေ။ ကျောင်းသူကျောင်းသားများအတွက် ကွဲပြားခြားနားသောသင်ယူမှုရလဒ်များရရန် သင်ရိုးပိုင်း ၁၁ မှ မိမိတတ်မြောက်လာသည်ကို အသုံးပြုပုံပုံဟူသမျှကို ဆွေးနွေးပါ။ ထိုသို့သုံးခြင်းဖြင့် သင်ကြားသင်ယူရေး အပေါ် မည်သို့သက်ရောက်မှုရှိခဲ့ပါသနည်း။ |
| နိဒါန်း | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်းအကြောင်း သင်တန်းသားများ မည်မျှနားလည်ကြောင်းမေးပါ။ အသိသညာသစ်ဖြစ်နိုင်သောကြောင့် အဖွင့်မေးခွန်းများမေးရန် အားပေးပါ။ မည်သည့် အတွေး၊ မှတ်ချက်၊ မေးခွန်းမျှ မမှားယွင်းကြောင်း သတိချပ်ကြရန်။ ဤသင်ရိုးပိုင်းသင်ယူမှုရလဒ်ကို အကျဉ်းမျှ ဆွေးနွေးပြီး စာသင်ခန်းအတွင်း သင်ယူမှုတွင် အတားအဆီးဖြစ်စေမည့် သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုခြားနားချက်များကို ဖော်ထုတ်ပုံအား လေ့လာမည်ဖြစ်ကြောင်း ရှင်းပြပါ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| ပထမအကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိရိုးရိုးသားသား စစ်ဆေးရန် အချို့သင်တန်းသူ/သားများကို ဆော်သြရန်လိုအပ်ပါမည်။ ရလဒ်ကို သင်ရိုးပိုင်းအဆုံး နောက်စစ်ဆေးမှုတစ်ခုနှင့် နှိုင်းယှဉ်ပြီး သင်ယူမှုကို သုံးသပ်စေနိုင်ပါမည်။ |
| ၁.၁.၁. ယခင်သင်ယူမှုနှင့် ချိတ်ဆက်ခြင်း | လုပ်ဆောင်ချက် ၁.၁.၁ ကိုကြည့်စေပြီး ကျောင်းသူကျောင်းသားတို့အတွက် သင်ယူမှုကို ကွဲပြားခြားနားစေမည့် အကြောင်းအချက်များကို ပြန်လည်သုံးသပ်ပါမည်။ သင်ရိုးပိုင်း ၁၁ နှင့်ချိတ်ဆက်ကာ ခေါင်းစဉ်ခွဲများကို သင်ယူမှုဂျာနယ်တွင်မှတ်သားစေပြီး သင်ယူမှုတွင် ကွဲပြားခြားနားရာတွင် ထည့်စဉ်းစားဖွယ်များကို တွေးကြပါမည်။ အဖြေများကို ကြည့်ရှုသုံးသပ်ပါ။ |
| ၂. သင်ယူမှုခြားနားချက်၊ သင်ယူမှုအခက်အခဲနှင့် သင်ယူမှုမသန်စွမ်းမှုဟူသည် | အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ရှင်းလင်းချက်ကို တစ်တန်းလုံးနှင့်ကြည့်ရှုသုံးသပ်ပါ။ ခက်ခဲနိုင်သည့် စကားလုံးသစ်၊ အသိသညာသစ်များကိုမှတ်သားပြီး သုံးနှုန်းပုံတွင်ကူးပြောင်းမှုကို ဆွေးနွေးရန်။ လူတိုင်းတစ်မူထူးခြားကြောင်း အလေးပေးပြောကြားပြီး ကွဲပြားခြားနားမှု သဘောတရားကို မိတ်ဆက်ပေးပါ။ နားလည်စာနာမှုနှင့် သင့်တော်သည့်စကားသုံးနှုန်းမှု၏ အရေးပါပုံကို ထပ်လောင်းပြောဆိုပါ။ တစ်တန်းလုံး ပြန်လည်သုံးသပ်ကာ မေးခွန်းမေးမြန်းစေပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါစေ။ လုပ်ဆောင်ချက် ၁၂.၁ ကိုဆက်သွားပြီး 'သင်ယူမှုအခက်အခဲလား မသန်စွမ်းမှုလား' ဗီဒီယိုကိုပြပါ။ စကားလုံးသစ်များရှိနိုင်သောကြောင့် အကြိမ်အနည်းငယ် ဖွင့်ပြသင့်ပါသည်။ ပေးထားသောအဓိပ္ပါယ်ဖွင့်ဆိုချက်များကို အချင်းချင်း နှစ်ယောက်တွဲ(သို့)အဖွဲ့လိုက် နှုတ်ဖြင့်ရှင်းပြကြပါစေ။ မိမိတို့ သင်ယူမှုဂျာနယ်တွင် ကိုယ်ပိုင်ဖွင့်ဆိုချက်များရေးကြရန်။ သင်ယူမှုမသန်စွမ်းမှုနှင့် သင်ယူမှုအခက်အခဲကို မကြာခဏ ရောထွေးတတ်ကြပုံကို ဆက်လက်ဆွေးနွေးပါ။ မေးခွန်းများကို အုပ်စုငယ်များဖွဲ့ပြီး ဆွေးနွေးကြပါမည်။ |
| ၂.၁ သင်ယူမှုအခက်အခဲ အမျိုးအစားများ | သင်ယူမှုအခက်အခဲ ၄ မျိုးရှိပြီး ၎င်းတို့အကြောင်း နောက်ထပ် သီအိုရီများလည်း ရှိသေးကြောင်း ရှင်းပြပါ။ ကျန်းမာရေးပညာရှင်များသာလျှင် သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို တိတိကျကျ စမ်းသပ်ဖော်ထုတ်နိုင်ကြောင်း သတိချပ်ကြပါစေ။ ဤသင်ရိုးပိုင်းကို လေ့လာ စဉ် မိမိတို့သင်ကြားသည့် ကျောင်းသူကျောင်းသားများလည်း အလားတူသင်ယူမှုအခက်အခဲများရှိကြောင်းသိမြင်လာကြပါမည်။ ကျောင်းသူကျောင်းသားတို့ကို ရောဂါရှာဖွေစိစစ်မည့်အစား ပံ့ပိုးပေးသည့်ဗျူဟာများကိုသုံးရန် အရေးကြီးပါသည်။ |
| ၂.၂ သိမြင်မှုနှင့်သင်ယူမှု အခက်အခဲများ | မှတ်သားမှု၊ နက်နဲသော သင်ယူမှုအခက်အခဲ အမျိုးမျိုးနှင့် သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများအကြောင်း အချက်အလက်များကို ပြန်ကြည့်ကြပါစေ။ စာဖတ်ခက်ခြင်း(ဒစ်စ်လက်ဆီးယား/dyslexia)အကြောင်းဗီဒီယိုကိုကြည့်ပြီး မေးခွန်းများကို အုပ်စုငယ် ဖွဲ့ပြီးဖြေဆိုကြရန်။ ထို့နောက် အားလုံးအတူတူဆွေးနွေးရာတွင် ဆရာ/မများက ကျောင်းသူကျောင်းသားတို့ကို ပံ့ပိုးရန် မည်သည့်ဗျူဟာများသုံးကြောင်းဆွေးနွေးကြပါမည်။<br><br>စာဖတ်ခက်ခြင်းအကြောင်းဖတ်ပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါစေ။ အထူးသဖြင့် ကျောင်းသူကျောင်းသားတို့အား ပံ့ပိုးပုံအကြောင်းရေးပါ။ ကိန်းများသုံးရန် အခက်အခဲ (ဒစ်စ်ကယ်ကူလီယား/dyscalculia)အကြောင်း အလားတူဆက်လုပ်ပါ။ နောက်ထပ်ပေးနိုင်မည့် ပံ့ပိုးမှုအကြောင်း သင်တန်းသူ/သားတို့ ဆက်စဉ်းစားကြပါမည်။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၂.၃ အာရုံနှင့်ရုပ်ပိုင်း အခက်အခဲများ<br><br>၂.၄ ဆက်သွယ်ရေးနှင့် အပြန်အလှန်ဆက်ဆံမှု | အာရုံနှင့်ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများအကြောင်း သင်တန်းသားများအား ပြန်လှန်သုံးသပ်ကြပါစေ။ လှုပ်ရှားမှုချိန်ညှိရန်အခက်အခဲ (ဒစ်စ်ပရက်စ်ဆီယား/ Dyspraxia)ကို အထူး အာရုံစိုက်ကြပါမည်။ သင်ယူမှုဂျာနယ်တွင် ဇယားဖြည့်ကြရန်။ လုပ်ဆောင်ချက် ၁၂.၃ 'အော်တစ်ဇင်ကိုနားလည်ခြင်း'ရှိ ကွက်လပ်များကိုဖြည့်ကြပါမည်။ လိုအပ်လျှင် ဗီဒီယိုကို ထပ်ကြည့်ပြီး ပြီးအောင်လုပ်ကြရန်။ မေးစရာများရှိမရှိမေးပြီး မိမိတို့ သင်ကြားသည့် ကျောင်းသူကျောင်းသားများကို ပံ့ပိုးရာတွင် ဤအချက်အလက်များ သုံး၍ရမရ ပြန်လည်သုံးသပ်ကြပါစေ။ |
| ၂.၅ လူမှုရေးနှင့် စိတ်ခံစားမှု ဆိုင်ရာ အခက်အခဲများ | လူမှုရေးနှင့်စိတ်ခံစားချက်ဆိုင်ရာ အခက်အခဲများကို ထင်ဟပ်ကောင်းထင်ဟပ်မည့် အပြုအမူ အခက်အခဲထံ ဆက်သွားကြပါမည်။ ADD နှင့် ADHDတို့ကို မိတ်ဆက်ပေးပါ။ ပေးထားသည့်အချက်အလက်များကို ပြန်သုံးသပ်ပြီး ကျောင်းသူကျောင်းသားတို့အား ပံ့ပိုးပုံ အကြောင်း ဇယားကိုဖြည့်ရန်။ သင်ရိုးပိုင်း ၁၄ တွင် အပြုအမူကို ပိုမိုခြုံငုံစူးစမ်းမည်ဖြစ်သောကြောင့် အပြုအမူအတွက်မျှော်မှန်းချက်များ ချမှတ်ရာတွင် မိမိတို့၏အခန်းကဏ္ဍကိုလည်းကောင်း၊ အပြုအမူကိုတုံ့ပြန်ပုံကိုလည်းကောင်း၊ စတင်ပြောဆိုဆွေးနွေးရန် အခွင့်ကောင်းပင် ဖြစ်ပါသည်။ |
| ၃- ဆရာ့မျှော်မှန်းချက် | ကျောင်းသူကျောင်းသားတို့၏သင်ယူမှုနှင့်အပြုအမူတွင် ဆရာ/မတို့မျှော်မှန်းချက် အရေးပါပုံကို ထောက်ပြပါ။ မိမိတို့၏ ကျောင်းသူကျောင်းသားတို့အပေါ် မျှော်မှန်းချက်နိမ့်ပါးသောကြောင့် ကျောင်းသူကျောင်းသားတို့လည်းမတိုးတက်နိုင်ပုံသာဓကများ ပြောကြပါစေ။ မိမိတို့၏ဆရာ/မများက မိမိတို့ကိုအထင်မကြီးသောကြောင့် သင်တန်းသားများခံစားရပုံကို ပြန်တွေးပါမည်။ ဆရာ့မျှော်မှန်းချက်က ကျောင်းသူကျောင်းသားတို့ ပါဝင်လုပ်ဆောင်မှုနှင့် အောင်မြင်မှုအပေါ် သက်ရောက်ပုံကိုဆွေးနွေးပါ။ လုပ်ဆောင်ချက် ၁၂.၄ သင်ယူမှု အခက်အခဲ ကို ဆက်လုပ်ပါ။ အလားတူသင်ယူမှုအခက်အခဲ ရှိကောင်းရှိမည့် မိမိတို့သင်ခဲ့ဖူးသော ကျောင်းသူကျောင်းသားများအကြောင်း စဉ်းစားရန်အချိန်ပေးပါ။ ခဏတာရပ်နားပြီး ဆွေးနွေးခဲ့သမျှ အခက်အခဲနှင့်မသန်စွမ်းမှုများအကြောင်း နားလည်မလည် စစ်ဆေးချိန်တန်ပါပြီ။ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အမည်တွဲပေးခြင်း၊ မိမိတို့ကိုယ်ပိုင်ဖွင့်ဆိုချက်ရေးခြင်း၊ စိတ်ကူးပြမြေပုံဆွဲခြင်း၊ အခက်ကြုံရသူ ကျောင်းသူကျောင်းသားများအား ပံ့ပိုးနိုင်ပုံကို တင်ပြခြင်းများ အုပ်စုလိုက် လုပ်နိုင်ပါသည်။ |
| ၄. အစဉ်အလာ သင်ယူမှု ဝန်းကျင်မှ သင်ယူမှု အခက်အခဲများ | အစဉ်အလာစာသင်ခန်းတွင်း တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ အထူးသဖြင့် စိန်ခေါ်မှုများ အကြောင်း အချက်အလက်များကို ပြန်လှန်သုံးသပ်ပါ။ စာသင်ခန်းအတွင်း အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူကို ကျောင်းသူကျောင်းသားတို့အား သဏ္ဍာန်တူသရုပ်ဆောင်စေပြီး ကျောင်းသူကျောင်းသားရော ဆရာ/မများအတွက်ပါ မည်မျှအာရုံစိုက်သင်ယူရန် ခက်ခဲကြောင်း ဖော်ထုတ်ပါ။ လုပ်ဆောင်ချက် ၁၂.၅ လိုအပ်ချက်များကိုနားလည်ခြင်း အား ဆက်လုပ်ပါ။ သင်တန်းသူ/သားများအား ဗီဒီယိုကြိုကြည့်ထားစေနိုင်ပြီး မေးစရာမေးခွန်း၊ ဆွေးနွေးစရာအချက်များကို တွေးထားစေနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့ ပါဝင်သင်ယူရာတွင် ကြုံနိုင်သောအခက်အခဲများကို ကြည့်ရှုလေ့လာပြီး ဖော်ထုတ်နိုင်မည့် သင်ယူမှုလုပ်ဆောင်ချက်တစ်ခုကို မည်သို့လုပ်နိုင်ကြောင်း သင်တန်းသူ/သားများကို |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | မေးမြန်းပါ။ မည်သည့်အချက်များကို ရှာဖွေမည်ဖြစ်ကြောင်း သင်တန်းသူ/သားများ အတွေးအမြင်များ ဝေမျှကြပါစေ။ |
| ၅. အားလုံးသင်ယူမှုအတွက် ပုံစံ | ဤသင်ရိုးပိုင်းတွင် အသိပညာများစွာ မှတ်သားခဲ့သောကြောင့် သင်တန်းသူ/သားများကို ဂုဏ်ပြုပါ။ သိပ္ပံဆိုင်ရာအသုံးအနှုန်းအချို့ကို လေ့လာခဲ့ပြီဖြစ်ကြောင်း သတိမူကြပါစေ။ အခက်အခဲနှင့်မသန်စွမ်းမှု မျိုးစုံရှိသည့် ကျောင်းသူကျောင်းသားများကို ပံ့ပိုးပေးနိုင်ပုံ အကြောင်း မေးမြန်းပါ။ ဤဗျူဟာများကြောင့် ၎င်းတို့သင်ကြားသည့် အတန်းများမှ ကျောင်းသူကျောင်းသားများ အကျိုးရှိနိုင်မရှိနိုင်မေးပါ။ အားလုံးသင်ယူမှုအတွက်ပုံစံ (UDL) အကြောင်းဖတ်စေပါ။ အဓိကသဘောတရားများကို သင်ယူမှုဂျာနယ်တွင်မှတ်သားပါ။ လုပ်ဆောင်ချက် ၁၂.၆ - UDL ကို လုပ်ပါစေ။ ပေးထားသည့်ဥပမာများနှင့် ကျောင်းသူကျောင်းသားတို့ ပါဝင်သင်ယူပြီး အောင်မြင်နိုင်မှုအပေါ် UDL က သက်ရောက်ပုံကို ဆွေးနွေးပါ။ UDL၏ အကျိုးကျေးဇူးနှင့်စိန်ခေါ်မှုများကို နားလည်ကြကြောင်း သေချာပါစေ။ |
| ၆. သင်ယူမှုအခက်အခဲ အချို့ကို ဖော်ထုတ်ရန် ခက်ခဲရခြင်းအကြောင်းရင်း | အချို့သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ရန်ခက်ခဲကြောင်း စူးစမ်းထားသည့် စာကို ပြန်ကြည့်ပါ။ ယေဘုယျရှာဖွေရန်လိုသည့် လက္ခဏာများကိုထောက်ပြပါ။ ဝေမျှစရာ အတွေ့အကြုံ ရှိမရှိမေးပါ။ လုပ်ဆောင်ချက် ၁၂.၇ - အောင်ထင်အကြောင်း ဖြစ်ရပ်လေ့လာချက်ဖြင့် ကျောင်းသူကျောင်းသားတို့၏ အခက်အခဲကိုဖော်ထုတ်ပံ့ပိုးပေးမှုကို ဆက်လေ့လာပါ။ သင်တန်းသူ/သားများအား အောင်ထင်ကိုပံ့ပိုးပေးနိုင်မည့်အကြံပြုချက်များ မေးပြီး အဖြေများကို ပြန်လှန်သုံးသပ်ပါ။ သင်တန်းသူ/သားများအား မိမိတို့သင်ကြားသည့် ကျောင်းသူကျောင်းသားများနှင့် ဆက်စပ်တွေးတောစေကာ အုပ်စုလိုက်ဆွေးနွေးချက်မှ ပေါ်ထွက်လာသည့် အတွေးအမြင်များကို မှတ်သားစေပါ။ |
| ၇. ကျောင်းသူကျောင်းသားမှာ သင်ယူမှု အခက်အခဲ ရှိသည်ဟု သံသယဝင်လျှင် လုပ်နိုင်ပုံ | ကျောင်းသူကျောင်းသားတို့၏အပြုအမူကို ပြောင်းလဲစေသည့်အကြောင်း များစွာရှိကြောင်း ထောက်ပြပါ။ ကလေးတစ်ဦးသည် သင်ယူမှုအခက်အခဲ(သို့)မသန်စွမ်းမှုရှိသည်ဟု မိမိက ထင်လျှင် လုပ်ဆောင်ဖွယ်အဆင့်ဆင့်ရှိပါသည်။ လုပ်ဆောင်ချက် ၁၂.၈ 'အမြင်အာရုံ ချို့တဲ့သည့် ကျောင်းသူကျောင်းသားအား ပံ့ပိုးခြင်း'ကို လေ့လာစူးစမ်းပါ။ အချက်များကို အုပ်စုငယ်များဖွဲ့ပြီးသုံးသပ်ကြကာ သင်ယူမှု ဂျာနယ်တွင် မှတ်သားကြပါစေ။ |
| ၈. နိဂုံး | သင်ရိုးပိုင်း ၁၂ တွင်လုပ်ခဲ့သည်များကိုပြန်ငုံမိအောင် သင်ရိုးပိုင်းရှိအဓိကအချက်များကို ပြန်ဖတ်ကြပါစေ။ သုံးသပ်ပြီး မိမိတို့ သင်ယူမှုဂျာနယ်တွင် အတွေးများကို ရေးကြပါမည်။ |
| ၉. သင်ရိုးပိုင်း ၁၂ အဆုံးသတ် ပဟေဠိ | ပဟေဠိလုပ်ပြီး အဖြေမှန်များကို နားလည်ကြစေရန်။ လုပ်ဆောင်ချက် ၁၂.၉ ကိုလုပ်စေပြီး မိမိတို့သင်ကြားရေးအလေ့အကျင့် တိုးတက်စေနိုင်ပုံကိုလည်း ပြန်လည်သုံးသပ်ကြပါမည်။ |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးမှုအတိုင်းဖြစ်ပါသည်။ သင်တန်းသူ/သားများ ၎င်းတို့၏ ယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်ပြီး အမှတ်ချင်း နှိုင်းယှဉ်ကြည့်ကြပါစေ။ |
| ၁၂ ခုမြောက်ကတိ | သင်ရိုးပိုင်း ၁၂ မှတတ်မြောက်သွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစားစေပြီး ၎င်းတို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရန် ကတိတစ်ခုအား ကျောင်းသူကျောင်းသားတို့ကို ပေးကြပါစေ။ ထိုကတိကို (X သီတင်းပတ်ပြီး နောက်) သုံးသပ်အကဲဖြတ်စေပြီးပြောင်းလဲမှုကိုမှတ်သားစေပါ။ ပြောင်းလဲမှုကသင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့် ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | ပြန်လည်သုံးသပ်ကြပါစေ။ ၎င်းသည် လုပ်ဆောင်မှုသုတေသန စက်ဝန်းအစဖြစ်ပြီး ဆက်လက်တိုးတက်ရန်အတွက် စဉ်ဆက်မပြတ် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖန်တီးရန် အနာဂတ်သင်ရိုးပိုင်းများတွင် ဆင့်ပိုးတည်ဆောက်နိုင်ပါသည်။ သင်တန်းသူ/သားများ ၎င်းတို့ သင်ယူမှုဂျာနယ်တွင် 'ကတိကဝတ်များ' ဟူသည့် အပိုင်းတစ်ပိုင်း ထားရှိကြရန်။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၁၂ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့် ပေးထားပါသည်။

မေးခွန်း ၁ - သီးသန့်သတ်မှတ်ထားသော သင်ယူမှုအခက်အခဲများကို အောက်ပါတို့မှရွေးချယ်ပါ။ (အဖြေ ၂ ခုရွေးပါ)

**က. စာဖတ်ခက်ခြင်း (dyslexia)**

**ခ. ကိန်းများသုံးရန်ခက်ခြင်း (dyscalculia)**

ဂ. ပျင်းရိခြင်း

ဃ. စိတ်ကျခြင်း

မေးခွန်း ၂ - စာဖတ်ခက်ခြင်း (dyslexia) လက္ခဏာရှိနိုင်သည့်ကျောင်းသူကျောင်းသားကို မည်ကဲ့သို့ဖော်ထုတ်ပါမည်နည်း။ (အဖြေ ၂ ခုရွေးပါ)

က. ခဲတံကိုင်ရာတွင်ခက်ခဲသောကြောင့် အရေးအသားခက်ခဲပါသည်။

ခ. ချိန်ညှိထိန်းမတ်ရန်ခက်ခဲပါသည် - အတန်းထဲလမ်းလျှောက်သည့်အခါ ခုံနှင့်ခဏခဏဝင်တိုက်သည်။

**ဂ. အများသုံးစကားလုံးများ မကြာခဏစာလုံးပေါင်းမှားပါသည်။**

**ဃ. အက္ခရာများကို ပြောင်းပြန်လှန်သည်။**

မေးခွန်း ၃ - ရုပ်ပိုင်းဆိုင်ရာအခက်အခဲကို အောက်ပါတို့မှဖော်ထုတ်ပါ။ (အဖြေ ၁ ခုရွေးပါ)

က) အော်တစ်ဇင် (Autism)

**ခ) လှုပ်ရှားမှုချိန်ညှိရန်အခက်အခဲ (dyspraxia)**

ဂ) ADHD

ဃ) စာဖတ်ခက်ခြင်း (dyslexia)

c) ADD

မေးခွန်း ၄ - UDL က မည်သို့အဓိပ္ပါယ်ရှိပါသနည်း။ (အဖြေ ၁ ခုရွေးပါ)

က) Universal Design for life

ခ) Understand Diverse Learning

ဂ) Understand Difficulties for Learning

**ဃ) Universal Design for Learning**

မေးခွန်း ၅ - အခက်ကြုံနေရသည့်ကျောင်းသူကျောင်းသားကို သိရှိပြီဆိုလျှင် အောက်ပါကိုလုပ်သင့်ပါသည်။ (အဖြေ ၁ ခုရွေးပါ)

က) အလုပ်ပိုကြိုးစား၊ အာရုံပိုစိုက်ရန် ပြောပါ။

ခ) အလုပ်ပိုပေးပြီး အမှီလိုက်ခိုင်းပါ။

**ဂ) ခက်ခဲသည့်နေရာကို နားလည်အောင်ကြိုးစားပြီး အကောင်းဆုံးပံ့ပိုးနည်းကို စူးစမ်းပါ။**

ဃ) အလုပ်ကူလုပ်ပေးနိုင်မည့် ကျောင်းသူကျောင်းသားများနှင့် အတူထိုင်ပါစေ။

မေးခွန်း ၆ - အောက်ပါတို့အနက် မည်သည်ကမှန်ကန်ပါသနည်း။ (အဖြေ ၁ ခုရွေးပါ)

က) ကျောင်းသူကျောင်းသားဘဝတွင်သာ သင်ယူမှုအခက်အခဲရှိနိုင်ပါသည်။

ခ) သင်ယူမှုအခက်အခဲ တစ်မျိုးတည်းရှိပါသည်။

**ဂ) သင်ယူမှုအခက်အခဲများ ဘဝတစ်သက်တာဖြစ်ပါသည်။**

ဃ) သင်ယူမှုအခက်အခဲရှိသည့်ကျောင်းသူကျောင်းသားများကို အစမ်းစာမေးပွဲများ စစ်၍မရပါ။